ရခိုင်ပြည်နယ် နှင့် ချင်းပြည်နယ်/ မြန်မာနိုင်ငံ

# AA နှင့် တပ်မတော် တိုက်ပွဲများနှင့်ဆက်နွယ်သည့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများကို တုံ့ပြန်ကူညီခြင်း

(၂၀၂၃) ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ

၂၀၁၉ ခုနှစ်မှ စ၍ AA နှင့် တပ်မတော်တို့ကြား ဖြစ်ပွားခဲ့သည့်တိုက်ပွဲများကြောင့် ရခိုင်ပြည်နယ်ရှိ မြို့နယ် (၁၂) မြို့နယ်တွင် တိုက်ပွဲရှောင် ဦးရေ (၁၅၇,၁၆၉) ဝန်းကျင် နေရပ်စွန့်ခွာနေရသည်။ ထပ်မံ၍ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် (၁၀,၃၃၁) ဦးခန့် နေရပ်ရှောင်ခွာရသည်ကြောင့် စုစုပေါင်းဦးရေ (၁၆၇,၅၀၀) ဦးရှိလာခဲ့သည်။ ထိုထဲကမှ ဒီဇင်ဘာ ၂၅ ရက်နေ့ နောက်ဆုံးရ အချက်အလက်အရ (၁၁၈,၇၈၆) ဦးသည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်နေ့မှစပြီး တိုက်ပွဲများ ပြန်လည်အရှိန်မြင့်လာသောကြောင့် နေရပ်စွန့်ခွာလာရခြင်းဖြစ်သည်။ UNHCR သည် အခြားသော UN အဖွဲ့အစည်းများ၊ မိတ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲလျက် အဆိုပါလူသားချင်းစာနာမှုလိုအပ်ချက်များကို တုန့်ပြန်ကူညီနေပြီး ထိခိုက်ခံစားခဲ့ရသူ လူထုတို့အား အထောက်အပံ့များကို ဆက်လက်ထောက်ပံ့နေသည်။

(၂၀၂၃) ခုနှစ်၊ ဇန်နဝါရီလမှ လက်ရှိကာလအတွင်း၌ UNHCR သည် မြောက်ဦး၊ ကျောက်တော်၊ပုဏ္ဏားကျွန်း၊ မြေပုံ၊ စစ်တွေ၊ ပေါက်တော၊ ပလက်ဝ၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များရှိ တိုက်ပွဲရှောင်ဦးရေ (၅၁,၆၁၉) ဦးခန့်ထံ အစားအစာမဟုတ်သည့် ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ အရေးပေါ် ယာယီအမိုးအကာများ၊ အမျိုးသမီးသုံးပစ္စည်းများနှင့် အဝတ်စမျက်နှာ-နှာခေါင်းစည်းများပါဝင်သည့် အဓိက ကူညီကယ်ဆေးရေးပစ္စည်းများကို ပေးပို့ထောက်ပံ့ထားသည်။




## ဇန်နဝါရီလမှ - ဒီဇင်ဘာလ အတွင်း ထောက်ပံ့မှုဆိုင်ရာ အဓိကအချက်များ

**ထောက်ပံ့ခဲ့သည့် လူဦးရေ**

51,619 ဦး

11,950 အိမ်ထောင်စု

**ထောက်ပံ့ခဲ့သည့် နေရပ်စွန့် ခွာ စခန်းပေါင်း**

133 ရခိုင်ပြည်နယ်ထဲရှိ ကူညီထောက်ပံ့ခဲ့သောနေရပ်စွန့်ခွာ စခန်းများ

(မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ မြေပုံ၊ စစ်တွေ၊ ပေါက်တော၊ ပလက်ဝ၊ ဘူးသီးတောင် နှင့် ရသေ့တောင် မြို့နယ်များ)

## NFI (၂၀၂၃) ခုနှစ်အတွင်း လူဦးရေ (48,372) ဦးသည် အဓိက ပြန်လည်ထူထောင်ရေး အထောက်အပံ့များ ရရှိခဲ့သည်။

- 29,034 မျက်နှာ၊ နှာခေါင်းစည်း
- 37,794 အခင်းဖျာ
- 34,149 ခြုံစောင်
- 27,158 ခြင်ထောင်
- 13,555 ရေပုံး
- 8,081 အိုးခွက် ပန်းကန်ထုပ်
- 1,046 အဝတ်လျှော်ဆပ်ပြာ
- 1,753 အမျိုးသမီးသုံးပစ္စည်း
- 5,929 အဝတ်အစားထုပ်
- 6,317 ဆိုလာမီးအိမ်
- 2,836 တစ်ကိုယ်ရေသုံးပစ္စည်း
- 5,987 အနွေးထည်
- 103 ကလေးသုံးပစ္စည်း
- 12,802 သောက်ရေဗူး

## ယာယီအမိုးအကာ အထောက်အပံ့အဖြစ် 30,312 ဦးကို ၂၀၂၃ ခုနှစ်မှာ ထောက်ပံ့ခဲ့

- 1,027,596 ဝါး
- 85,624 နိုင်လွန်ကြိုး
- 79,853 သစ်၊ မျောတိုင်
- 14,920 မိုးကာ(တာလပတ်စ)
- 145,150 ဓနိသက်ကယ်မိုးအချပ်

ဤဖော်ပြပါ မြေပုံတွင် အသုံးပြုထားသော နယ်နမိတ်အကျယ်အဝန်းများအမည်များနှင့် သတ်မှတ်ချက်များသည် ကုလသမဂ္ဂမှ တရားဝင် အတည်ပြုထားခြင်း သို့မဟုတ် လက်ခံထားခြင်းဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။





* မိမိနေရပ်ကျေးရွာများသို့ ပြန်သွားကြပြီဖြစ်သည့် IDP များအားလည်း ထည့်သွင်းထားခြင်း ဖြစ်ပါသည်။


အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ကနေဒါ ဒိန်းမတ် ဥရောပသမဂ္ဂ၊ ပြင်သစ် ဂျာမနီ အိုင်ယာလန် အီတလီ ဂျပန် နယ်သာလန် နော်ဝေ ဆွီဒင် ဆွစ်ဇာလန် ယူနိုက်တက်ကင်းဒမ်း၊ CERF တို့မှ ရက်ရောစွာ ပံ့ပိုးကူညီမှုအတွက် UNHCR မှ ကျေးဇူးတင်ရှိပါသည်။

၂၉ ဒီဇင်ဘာလ ၂၀၂၃ တွင် အပ်ဒိတ်လုပ်ထားသည်။



myasiim@unhcr.org သို့ လိပ်မူအကြံပြုနိုင်ပါသည်။